“ဂျမာအသ်ဖြင့် ဆွလာသ်ဝတ်ပြုခြင်းသည်

တစ်ဦးတည်းဝတ်ပြုခြင်းထက် အဆပေါင်း နှစ်ဆယ့်ငါးဆ

ပိုမိုမြင့်မြတ်သည်။ ထို့ပြင် ညအချိန်၏

ကောင်းကင်တမန်များနှင့် နေ့အချိန်၏

ကောင်းကင်တမန်များသည် ဖဂျရ်ဆွလာသ်အချိန်၌ စုဝေးကြသည်

အဗူဟူရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်ုပ်သည်
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်ကို ကြားသိခဲ့ရသည်။ “ဂျမာအသ်ဖြင့် ဆွလာသ်ဝတ်ပြုခြင်းသည်
တစ်ဦးတည်းဝတ်ပြုခြင်းထက် အဆပေါင်း နှစ်ဆယ့်ငါးဆ ပိုမိုမြင့်မြတ်သည်။ ထို့ပြင်
ညအချိန်၏ ကောင်းကင်တမန်များနှင့် နေ့အချိန်၏ ကောင်းကင်တမန်များသည်
ဖဂျရ်ဆွလာသ်အချိန်၌ စုဝေးကြသည်။” ထို့နောက် အဘူဟုရိုင်ရဟ်(ရဿွိယလ္လာဟ်အန်ဟု)ကမိန့်ကြားသည်မှာ- အကယ်၍ အသင်တို့ အလိုရှိပါက ဤအာယသ်တော်ကို ရွတ်ဖတ်နိုင်သည်-
{အမှန်စင်စစ် မိုးသောက်ချိန် ကုရ်အာန်ကျမ်းတော်မြတ် ဖတ်ရွတ်မှု (ဖဂျရ်ဆွလာသ်ဝတ်ပြုမှု)သည် (ကောင်းကင်တမန်များ) လာရောက်ချိန်ပင် ဖြစ်သည်။} (အလ်-အိစ်ရာအ်၊ ၇၈) [صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က မိန့်ကြားတော်မူသည်မှာ- အမျိုးသားတစ်ဦးသည် ဗလီ၌ အိမာမ်နှင့်အတူ ဂျမာအသ်ဖြင့် ဆွလာသ်ဝတ်ပြုခြင်းသည်သူ့အိမ်၌ဖြစ်စေ၊ ဈေး၌ဖြစ်စေ တစ်ဦးတည်း ဝတ်ပြုခြင်းထက် အဆပေါင်း နှစ်ဆယ့်ငါးဆပိုမိုမြင့်မြတ်သည်။ ထို့နောက် ညအချိန်၏ ကောင်းကင်တမန်များနှင့် နေ့အချိန်၏ကောင်းကင်တမန်များသည် ဖဂျရ်ဆွလာသ်အချိန်၌ စုဝေးကြကြောင်းရှင်းလင်းမိန့်ကြားတော်မူခဲ့သည်။ထို့နောက် အဘူဟုရိုင်ရဟ်(ရဿွိယလ္လာဟ်အန်ဟု)ကထို့အတွက် သက်သေကိုးကားတင်ပြသည့်အနေဖြင့် မိန့်ကြားသည်မှာ - အကယ်၍အသင်တို့အလိုရှိပါက ဤအာယသ်တော်ကို ရွတ်ဖတ်နိုင်သည်- {အမှန်စင်စစ် မိုးသောက်ချိန်ကုရ်အာန် ကျမ်းတော်မြတ် ဖတ်ရွတ်မှု (ဖဂျရ်ဆွလာသ်ဝတ်ပြုမှု)သည် (ကောင်းကင်တမန်များ) လာရောက်ချိန်ပင် ဖြစ်သည်။} (အလ်-အိစ်ရာအ်၊ ၇၈) ဆိုလိုသည်မှာ ဖဂျရ်ဆွလာသ်ဝတ်ပြုမှုကိုညအချိန်၏ ကောင်းကင်တမန်များနှင့် နေ့အချိန်၏ ကောင်းကင်တမန်များသည်လာရောက်စုရုံးပါဝင်ကြသည် ဟူ၍ဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/11286